# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 5 , 2026 Volume 100 , Number 3


၅. ၃. .၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၇.၇၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၄.၆၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၀.၅၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၇၉.၇၇ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၄.၅၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၉၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၃၆ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၂.၄၅ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၃၆ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မတ်ပဲဈေး ပြန်လည်ကျဆင်းလာ




ပြည်တွင်းမတ်ပဲဈေးနှုန်းမှာ တစ်တန်လျှင် ကျပ်သိန်း ၃၀ အထက်သို့ ပြန်လည်မြင့်တက်ခဲ့သော်လည်း လက်ရှိတွင် တစ်ဖြည်းဖြည်း ပြန်လည်ကျဆင်းလာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလလယ်ပိုင်းက မတ်ပဲ (FAQ) တစ်တန်လျှင် ကျပ် ၃,၀၉၃,၀၀၀ အထိ မြင့်တက်ခဲ့ပြီးနောက် တဖြည်းဖြည်း ပြန်လည်ကျဆင်းလာခဲ့ရာ မတ်လ ၃ ရက်နေ့တွင် မတ်ပဲတစ်တန်လျှင် ကျပ် ၃,၀၁၄,၀၀၀ အထိ ရောက်ရှိလာကြောင်း သိရသည်။

လက်ရှိတွင် ပဲသစ်များပေါ်နေခြင်းနှင့် အိန္ဒိယနိုင်ငံ၌လည်း ဆောင်းမတ်ပဲသစ်များ စတင်ဝင်ရောက်လာတော့မည်ဖြစ်ခြင်းကြောင့် အိန္ဒိယကုန်သည်များက ချိန်ဆဝယ်ယူနေသဖြင့် မတ်ပဲဈေးကွက် ပြန်အေးသွားခြင်းဖြစ်သည်ဟု ဈေးကွက်ကျွမ်းကျင်သူများက သုံးသပ်ကြသည်။

"အိန္ဒိယကို လက်ရှိမြန်မာနိုင်ငံက မတ်ပဲတွေကိုဆက်တိုက်သွင်းနေတယ်။ သူတို့ နိုင်ငံမှာလည်း ဆောင်းမတ်ပဲတွေဝင်ဖို့ရှိနေတော့ကုန်သည်တွေနဲ့ပဲခွဲစက်ရုံတွေက အဝယ်နည်းနေတာပါ။ ဒါပေမဲ့ အိန္ဒိယက လိုအပ်ချက်များတဲ့အတွက် ဒီလမဝယ်ရင်တောင် နောက်လတွေမှာ ပြန်ဝယ်ကြရမှာပဲ" ဟု မတ်ပဲကုန်သည်တစ်ဦးက ပြောသည်။

ထို့ပြင် ပြည်ပ FOB ပေါက်ဈေးမှာလည်း ကျဆင်းသွားခဲ့သည်။ ဖေဖော်ဝါရီ ၂၇ ရက်နေ့က FOB ဈေးနှုန်းအရ FAQ မတ်ပဲတစ်တန်လျှင် ၈၉၅ ဒေါ်လာမှ ၉၀၅ ဒေါ်လာအထိ ရှိခဲ့သော်လည်း မတ်လ ၄ ရက်နေ့တွင် ၈၀၀ ဒေါ်လာမှ ၈၁၀ ဒေါ်လာဝန်းကျင်အထိ ကျဆင်းလာကြောင်း သိရသည်။

သို့သော်လည်း အိန္ဒိယနိုင်ငံ၏ပဲလိုအပ်ချက်မှာ ဆက်လက်မြင့်တက်နိုင်သောကြောင့်မတ်ပဲဈေးနှုန်းမှာအချိန်ကြာမြင့်စွာကျဆင်းနေမည်မဟုတ်ဘဲ နောက်လများတွင် ပြန်လည်မြင့်တက်လာနိုင်ကြောင်း အချို့ကုန်သည်များက ခန့်မှန်းထားကြသည်။

မတ်ပဲအပြင် ပဲစင်းငုံဈေးကွက်မှာလည်း လက်ရှိတွင် အဝယ်အားနေသည့်အတွက် ဈေးငြိမ်နေကြောင်း သိရသည်။

ပြည်ပသို့ တင်ပို့နေသည့် မတ်ပဲနှင့် ပဲစင်းငုံဈေးနှုန်း အပြောင်းအလဲမှာ အဓိကအားဖြင့် အိန္ဒိယနိုင်ငံ၏ ပဲတင်သွင်းမှုမူဝါဒနှင့် ဈေးကွက်အခြေအနေများပေါ်တွင်မူတည်နေသော်လည်းပြည်တွင်းသုံးကုလားပဲနှင့်ပဲကြီးများမှာမူပုံမှန်အတက်ဈေးတွင်ရှိနေသည်။

"ပြည်တွင်းသုံးပဲဈေးတွေကတော့ စားသုံးမှု ပုံမှန်ရှိတာဆိုတော့ ဈေးက သိပ်မပြောင်းဘူး။ လက်ရှိ စားအုန်းဆီ အခက်အခဲရှိတော့ ဆီကြိတ်စက်တွေကလည်း ပဲဝယ်ယူမှုတွေ ရှိနေတယ်" ဟု ပဲကုန်သည်တစ်ဦးက ရှင်းပြသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပဲများကို အိန္ဒိယနိုင်ငံသို့ ၇၅ ရာခိုင်နှုန်းခန့်အထိ တင်ပို့နေပြီး သီရိလင်္ကာ၊ နီပေါ၊ မလေးရှား၊ ထိုင်းနှင့် ယူအေအီး (UAE) နိုင်ငံများသို့လည်း ပဲမျိုးစုံ တင်ပို့နေကြောင်း သိရသည်။

Source : https://htwettoe.com/

## ဈေးကွက်ဝေစုနည်းပါးမှုကြောင့် ပြည်တွင်းဆီစက်များတွင် ကုန်ကြမ်း နှင့် ဆီတန်ချိန်များစွာ ကျန်နေ



ဈေးကွက်ဝေစုနည်းပါးမှုကြောင့် ပြည်တွင်းရှိ ဆီစက်များတွင် ကုန်ကြမ်းနှင့် ဆီတန်ချိန်များစွာ ကျန်နေသေးကြောင်း ဆီစက်လုပ်ငန်းရှင်ကြီးများ ထံကသိရသည်။

ပြည်တွင်းစားသုံးဆီလိုအပ်ချက်မှာ အကြမ်းဖျင်းအားဖြင့် မြန်မာနိုင်ငံလူဦးရေ သန်း ၅၀ ၏ လူတစ်ဦးချင်း စားသုံးမှု (၂ ဒသမ ၅)ကျပ်သားနှုန်းဖြင့်တွက်ချက်ပါက ၁ နှစ် ၇၅၀,၀၀၀ တန်ချိန်လိုအပ်ပြီး လက်ရှိအချိန်တွင် စားအုန်းဆီတင်သွင်းမှုသည် ပြည်တွင်းစားသုံးမှု၏ ၇၀ ရာခိုင်နှုန်း ခန့်ရှိသည့်အတွက် ပြည်တွင်းဆီစက်များအနေဖြင့်ကုန်ကြမ်းများရှိသော်လည်း ဈေးကွက်ရရှိမှုပမာဏလောက်သာ လည်ပတ်နေရကြောင်း သိရသည်။

"ပြည်ပကတင်သွင်းတဲ့ စားအုန်းဆီကို ပြည်တွင်းကထုတ်တဲ့ မြေပဲဆီ၊ နှမ်းဆီ ၊ နေကြာဆီက ဘယ်လိုမှ ယှဉ်ပြိုင်လို့ မရတော့ဘူး။ မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီက သွင်းအားစုရဲ့ ကုန်ကျစရိတ်တွေ ရှိတယ်လေ။ အခုမြေပဲဆန် တစ်ပိဿာ၉၅၀၀၊ အဲဒါနဲ့ ဆိုရင် မြေပဲဆီ တစ်ပိဿာ ၁၆,၀၀၀ မရောင်းရင်မရဘူး။ စားအုန်းဆီ တစ်ပိဿာ ၉၀၀၀ ဆိုရင် လူတွေက စားအုန်းဆီက ဈေးသက်သာတယ်ဆိုတဲ့ အမြင်နဲ့ဖောင်းပေးပြီးစားနေကြတယ်။ ပြည့်စုံတဲ့လူလောက်ပဲ မြေပဲဆီ၊ နှမ်းဆီ စားတဲ့သဘောဖြစ်သွားတော့လိုသလောက်ပဲကြိတ်ရောင်းနေရတာပေါ့"ဟုဆီစက်ပိုင်ရှင်ကြီးတစ်ဦးကပြောသည်။

၂၀၂၅ ခုနှစ် တစ်နှစ်လုံးတွင် ပြည်တွင်းသုံး(ပဲကြော်၊ မုန့်၊ ဆားလှော်) လုပ်ငန်းများအတွက် မြေပဲဆန် ၃၅,၀၀၀ တန်ခန့် သုံးစွဲခဲ့ပြီး ဆီစက်ပိုင်ရှင်များမှ ကုန်ကြမ်းတန်ချိန် ၇၂၉,၇၉၆ သုံးစွဲကြိတ် ခွဲခဲ့သော်လည်း ဆီများကုန် အောင်ရောင်းချ နိုင်ခဲ့ခြင်း မရှိသဖြင့်ဆီစက်များတွင်ဆီတန်ချိန်များစွာကျန်ရှိနေသေးကြောင်းလည်းသိရသည်။

" ကျွန်တော်ကိုယ်တိုင် လက်ထဲမှာ ပီပါ ၅၀၀ လောက်ရှိတယ်။ ပီပါ ၅၀၀ စာပေါ့။ ဆီတွေချည်းပဲ တော့မဟုတ်ဘူး။ မြေပဲဆန်တွေရောပေါ့။လိုသလောက်ကြိတ်ပြီးရောင်းနေတဲ့ဘဝတွေဖြစ်သွားတာပေါ့။မြေပဲဆန်အိတ် ၂၅၀၀ ကျော်ရှိတယ်။ လက်ကျန်တွေများနေကြတာပေါ့။ကျွန်တော်တို့လို စက်ကြီးမျိုးက မြန်မာနိုင်ငံမှာ အလုံး(၂၀)လောက်ရှိတယ်။ တစ်နေ့ကို တန်(၃၀) လောက်ကျတဲ့စက် အလုံး၂၀ လောက်ရှိတယ်။ မန္တလေးမှာလည်း စက်အလတ်တွေအများကြီးပဲ။ မရောင်းရလို့ပုံနေတဲ့ စက်တွေအများကြီးပဲ။ အဲဒါတွေက ကျွန်တော်တို့နိုင်ငံရဲ့GDP ဆုံးရှုံးနေတာ။တန် Over နဲ့သွားပြီးလည်ပတ်နေမှ GDP ကတက်တာ။

စက်မှုလုပ်ငန်းတွေ၊ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကရပ်နေရင် GDP ကဘယ်လိုလုပ်တတ်မှာလဲ" ဟု ဆီစက်ပိုင်ရှင် တစ်ဦးက ပြောသည်။

လက်ရှိတွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် စက်မှုကြီးကြပ်တွင် လိုင်စင်တင်ထားသည့် ဆီစက်ပေါင်း ၃၆၀၀ကျော်၊ လိုင်စင်မတင်ထားသည့်ဆီစက်ပေါင်း၆၀၀ကျော်စုစုပေါင်း၄၂၀၀ကျော်ရှိကြောင်းသိရသည်။

ဈေးကွက်နှင့်ကုန်ကြမ်းသာ အလုံအလောက်ရရှိပါက ပြည်တွင်းစားသုံးဆီလိုအပ်ချက်ကို ကျော်လွန်စွာ ကြိတ်ပေးနိုင်သည့် စက်အင်အားရှိသော်လည်း ဈေးကွက်ဝေစုနည်းပါးမှုကြောင့် ဆီစက်အားလုံးနီးပါးတွင် စက်အရွယ်အစားပေါ်မူတည်၍ ကုန်ကြမ်းနှင့်ဆီပီပါများစွာကျန်ရှိနေသေးကြောင်းလည်းသိရသည်။

" စက်ကြီး ၊ စက်လတ်၊ စက်ငယ်ပေါ်မူ တည်ပြီးတော့ သူ့စက်ရွယ်အရ ပီပါ(၅၀)ကျန်တာရှိတယ်။ (၁၀၀)ကျန်တာရှိတယ်။ ကုန်ကြမ်းက အိတ် ၁၀၀၀ ကျန်တာရှိတယ်။ ၂၀၀၀ ကျန်တာရှိတယ်။ စက်တည်ထားတာ လည်ချင်လို့တည်ထားတာ။ စက်က နိစ္စဒူဝလည်ချင်တာပေါ့" ဟု ဆီစက်ပိုင်ရှင်တစ်ဦးက ပြောသည်။

**Source :** https://npnewsmm.com/

## မကွေး၌ သမဝါယမဆီစက်မှ ဆီပိသ်ာ ၅၀၀ ထွက်ရန် လုပ်ဆောင်နေ




မကွေးတိုင်းဒေသကြီး၊ သန်းတောကုန်းကျေးရွာမှာရှိတဲ့ မကွေးမြို့နယ်သမဝါယမ အသင်းစု ဆီစက်ကနေ နေ့စဉ် ပဲဆီ၊ နှမ်းဆီ ပိသ်ာချိန် ၅၀၀ ထွက်ရှိဖို့ လုပ်ဆောင်နေတယ်လို့ မြို့နယ်သမဝါယမအသင်းစု အတွင်းရေးမှူးက ပြောပါတယ်။

အခုလို ဆီထုတ်လုပ်နိုင်ဖို့အတွက် ကုန်ကြမ်းတွေဖြစ်တဲ့ ပဲ၊ နှမ်း တွေကို မကွေးမြို့နယ် သမဝါ ယမ အသင်းစု ၁၁ သင်းက အသင်းဝင် တောင်သူတွေထံကနေ ဝယ်ယူပြီး ထုတ်လုပ်တာဖြစ်တယ်လို့ ဆိုပါတယ်။

လက်ရှိမှာ မကွေးမြို့နယ်သမဝါယမအသင်းစု ဆီစက်ကနေ ပဲဆီတစ်ပိသ်ာကို ကျပ်တစ်သောင်းခွဲဝန်းကျင်နဲ့ နှမ်းဆီ တစ်ပိသ်ာကို ကျပ် တစ်သောင်းလေးထောင် ဝန်းကျင် ရောင်းချပေးနေတယ်လို့ သိရပါတယ်။

မကွေးမြို့နယ် သမဝါယမအသင်းစုဆီစက်ကနေ နေ့စဉ် ဆီပိသ်ာချိန် ၅၀၀ ထွက်ရှိနိုင်ဖို့ လုပ်ဆောင်နေပြီး မြို့နယ်အတွင်းသာမက တိုင်းအတွင်းရှိ သမဝါယမ အသင်းစုတွေ၊ ဌာနဆိုင်ရာတွေ အထိ ဈေးနှုန်းသက်သာစွာ ရောင်းချ နိုင်ဖို့ လုပ်ဆောင်နေတယ်လို့ မကွေးမြို့နယ် သမဝါယမအသင်းစု၊ အတွင်းရေးမှူး ဦးထွန်းဌေးအောင် က ပြောပါတယ်။

မကွေးမြို့နယ် သမဝါယမအသင်းစု ဆီစက်မှာ တန် ၂၀ ထွက်တဲ့ ဆီစက်၊ N 130 ဆီစက် နဲ့ ဗမာဆုံ ဆီစက်ဆိုပြီး ဆီစက် ၃ စက်နဲ့ လည်ပတ်ကာ ပဲဆီ၊ နှမ်းဆီတွေ ထုတ်လုပ်နေတာဖြစ်တယ်လို့ ဆိုပါတယ်။

အဲဒီ ဆီစက်တွေကို အခု ၂၀၂၆ ခုနှစ်နှစ်ဆန်းပိုင်းက စတင်ကာ လည်ပတ်နေတာဖြစ်ပြီး လက်ရှိမှာတော့ ပဲဆီ၊ နှမ်းဆီတွေကို ထုတ်လုပ်ရောင်းချနေပြီဖြစ်ကာ တိုင်းအတွင်းရှိ သမဝါယမအသင်းသားတောင်သူတွေသာမက တခြားတောင်သူတွေလည်း ပဲ၊ နှမ်းတွေ လာရောက်ရောင်းချနိုင်ပြီး လက်ရှိ ပေါက်ဈေးပေးကာ ဝယ်ယူနေတယ်လို့လည်း သိရပါတယ်။

**Source :** https://onenewstvchannel.com/

## အသားထုတ်လုပ်မှုလိုင်စင်များ မတ်(၁၀)ရက် နောက်ဆုံးထားလျှောက်ရမည်



၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက် အစရှိတဲ့ တိရစ္ဆာန်တွေရဲ့ အ သားထုတ်လုပ်ခွင့်လိုင်စင်တွေကို မတ်လ ၁၀ ရက် နောက်ဆုံးထားပြီး လျှောက်ထားရမှာ ဖြစ်တယ်လို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်ထုတ်လုပ်ရေးဌာနရဲ့ ကြေညာချက်အရ သိရပါတယ်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန်ဆေးကုနှင့်ထုတ်လုပ်ရေးဌာနရဲ့သတ်မှတ်ထားတဲ့ အသားထုတ်လုပ်ရုံတွေနဲ့ မြို့နယ်တွေမှာ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမဲ့ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက် ရှာသာကြီး အသားထုတ်လုပ်ခွင့်လိုင်စင်အတွက် လျှောက်လွှာတွေကို အွန်လိုင်းကနေ လိုင်စင်" စီ" ရဲ့ကိုယ်ရေးအချက် အလက်တွေနဲ့ လုပ်ငန်းဆိုင်ရာ အထောက်အထားတွေ ဖြည့်သွင်းပြီး မတ်လ ၃ ရက်ကစတင်ကာ လျှောက်ထားခွင့်ပြုခဲ့တယ်လို့ ဆိုပါတယ်။

အလားတူ လှိုင်သာယာမွေးမြူရေးဇုန် ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက် အသားထုတ်လုပ်ခွင့်လိုင်စင်၊ ရွှေပြည်သာမြို့နယ် အတွင်း ကျွဲ၊ နွား၊ သိုး၊ ဆိတ် အသားထုတ်လုပ်ခွင့်လိုင်စင်၊ ဒလမြို့နယ်အတွင်း ကျွဲ၊ နွား၊ ဝက် အသားထုတ်လုပ် ခွင့်လိုင်စင်နဲ့ ဆိတ်ကြီး ခနောင်တိုမြို့နယ်အတွင်း ကျွဲ၊ နွား အသားထုတ်လုပ်ခွင့် လိုင်စင်တွေကိုလည်း မတ်လ(၃)ရက်ကစတင်ပြီး လျှောက်ထား ခွင့်ပြု ခဲ့တယ်လို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

## ပင်လယ်ကွေ့ပဋိပက္ခနက်ရှိုင်းသည်နှင့်အမျှ ထိုင်းနိုင်ငံသည် ရေနံတင်ပို့မှုကို ပိတ်ပင်ခဲ့ပြီး အရေးပေါ် "War Room" စီစဉ်ဆောင်ရွက်လျက်ရှိ

ပင်လယ်ကွေ့ပဋိပက္ခနက်ရှိုင်းသည်နှင့်အမျှ ထိုင်းနိုင်ငံသည် ရေနံတင်ပို့မှုကိုပိတ်ပင်ခဲ့ပြီး အရေးပေါ် "War Room" စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟော်မုဇ်ရေလက်ကြားကို ပိတ်လိုက်သဖြင့် ချက်ချင်းတုံ့ပြန်မှုအနေဖြင့် ထိုင်းနိုင်ငံသည် ရေနံထွက်ပစ္စည်းတင်ပို့မှု အားလုံးကို တားမြစ်ခဲ့ကြောင်း၊ အကျပ်အတည်းကို စီမံခန့်ခွဲရန်နှင့်နိုင်ငံတော်၏ ရက် ၆၀ ကြာ မဟာဗျူဟာမြောက် လောင်စာဆီ သိုလှောင်မှုကိုကာကွယ်ရန်စွမ်းအင်အရေးပေါ်စောင့်ကြည့်ရေးစင်တာ"ကိုအသက်သွင်းခဲ့ကြောင်း၊တင်သွင်းလာသော လောင်စာ အပေါ် မှီခိုအားထားမှုကို လျှော့ချရန်အတွက် ကျောက်မီးသွေးနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို အမြင့်ဆုံး စွမ်းဆောင်ရည်ဖြင့် လည်ပတ်ရန်အမိန့်ထုတ်ထားပြီး ပြည်တွင်းဓာတ်ငွေ့ထုတ်လုပ်မှုကိုလည်း တိုးမြှင့်လုပ်ဆောင်လျက် ရှိကြောင်း၊ အစိုးရသည် စွမ်းအင်ကုန်ကျစရိတ်များမြင့်တက်လာခြင်းမှ ကာကွယ်ရန်အတွက် လက်လီရောင်းချသည့်ဈေးနှုန်း များကို ထောက်ပံ့ရန်အတွက် နိုင်ငံတော်၏လောင်စာဆီရန်ပုံငွေကို အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်း ရက် ၆၀ ဗျူဟာမြောက်အရန်လောင်စာကို ကာကွယ်ရန်အတွက် ကျောက်မီးသွေးစက်ရုံများကို စွမ်းဆောင်ရည် အပြည့်ဖြင့် လည်ပတ်ရန်နှင့် လောင်စာဆီတင်ပို့မှုကို ရပ်ဆိုင်းထားရန် စွမ်းအင်ဝန်ကြီး Auttapol Rerkpiboon က လမ်းညွှန် မှာကြားခဲ့ကြောင်း၊ စွမ်းအင်အရေးပေါ် စောင့်ကြည့်ရေးစင်တာကို အသက်ဝင်စေမည့် အရေးပေါ်ညွှန်ကြားချက်ကို မတ်လ ၁ ရက် တနင်္ဂနွေနေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း၊ အဆိုပါလှုပ်ရှားမှုသည် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ မြင့်တက်လာခြင်းမှ ပြည်သူများအား အကာအကွယ်ပေးရန်နှင့် ပြည်တွင်းထောက်ပံ့ရေးပစ္စည်းများကို သိုလှောင်ရန် ရည်ရွယ်ထားခြင်းဖြစ်ကြောင်း၊ စီးပွားရေးကို ပိုမိုကာကွယ်ရန် အမျိုးသားလောင်စာဆီ ရန်ပုံငွေကို လက်လီရောင်းချသည့်ဈေးများတွင် ထောက်ပံ့ရန်နှင့် လူနေမှု

စရိတ်များမြင့်တက်ခြင်းမှ ကာကွယ်ရန် အမျိုးသားလောင်စာဆီရန်ပုံငွေကို အသုံးချမည်ဖြစ်ကြောင်း၊ ဒေသတွင်း မတည်ငြိမ်မှုများရှိနေသော်လည်း ဝန်ကြီးဌာနသည် နိုင်ငံတော်၏ လက်ရှိလောင်စာဆီလုံခြုံရေးအတွက် အာမခံချက်ပေးသည့် စာရင်းစစ်ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လက်ရှိအထိ ထိုင်းနိုင်ငံတွင် ရေနံစိမ်းနှင့် သန့်စင်ပြီး စုစုပေါင်းလီတာ သန်း ၇၆၆၀ ရှိပြီး ပြည်တွင်းဝယ်လိုအား ရက် ၆၀ ကြာထိန်းထားရန် လုံလောက်ကြောင်း၊ စာရင်းဇယားများအရ ပြည်တွင်းလက်ဝယ်သိုလှောင်ထားမှုသည် လီတာပေါင်း ၄,၈၇၇ သန်း(၃၈ ရက်ကြာထောက်ပံ့မှု)နှင့်သယ်ယူပို့ဆောင်ရေးတွင် လက်ကျန်အဖြစ်ဟော်မုဇ်ရေလက်ကြားကို အောင်မြင်စွာ ရှင်းလင်းပြီး ဖြစ်သည့် လီတာ ၁,၆၆၆ သန်းအပါအဝင် သင်္ဘောများပေါ်တွင် လက်ရှိလီတာ ၂၇၈၃ သန်း(၂၂ ရက်ကြာ ထောက်ပံ့မှု) တို့ဖြစ်ကြောင်း၊ စွမ်းအင်မူဝါဒတွင် သိသာထင်ရှားသောအပြောင်းအလဲတစ်ခုအဖြစ် နိုင်ငံတော်၏ ကျောက်မီးသွေးသုံးနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများကို အမြင့်ဆုံးစွမ်းဆောင်ရည်ဖြင့်လည်ပတ်ရန်လမ်းညွှန်ထားပြီးဖြစ်ကြောင်း၊ "စုစုပေါင်း လျှပ်စစ်ဓာတ်အား" မဟာဗျူဟာသည် လျှပ်စစ်ထုတ်လုပ်ရန်အတွက် တင်သွင်းလာသော Liquefied Natural Gas (LNG)အပေါ် နိုင်ငံတော်၏ မှီခိုအားထားမှုကို လျှော့ချရန် ရည်ရွယ်ကြောင်း၊ ထို့ပြင် ထိုင်းပင်လယ်ကွေ့ရှိ ဓာတ်ငွေ့ထုတ်လုပ်မှု ကို အရှိန်မြှင့်တင်ရန် သတ္တုလောင်စာဌာနကို ညွှန်ကြားထားပြီး ဓာတ်ငွေ့တွင်းရှိပြုပြင်ထိန်းသိမ်းမှုအားလုံးကို အနှောင့်အယှက် ကင်းစွာ ထောက်ပံ့ပေးနိုင်ရန် အကန့်အသတ်မရှိ ရွှေ့ဆိုင်းထားကြောင်း၊ မငြိမ်မသက်မှုများသည် နိုင်ငံ၏ အရန်လောင်စာနှင့် ပြည်တွင်းဈေးနှုန်းများအပေါ် ထိခိုက်မှုမရှိသေးသည်ကို အတည်ပြုနိုင်ကြောင်း ဝန်ကြီးက ဖြည့်စွက် ပြောကြား ခဲ့သည်။

သို့သော် ယခုကဲ့သို့ကြိုတင်ကာကွယ်မှုများသည် မရှိမဖြစ်လိုအပ်ကြောင်း၊နိုင်ငံသားများအနေဖြင့် အထိတ်တလန့်မဖြစ်ကြရန် တိုက်တွန်းလိုပြီး စွမ်းအင်ချွေတာသုံးစွဲရန်အတွက် နိုင်ငံအဝှန်းကြိုးပမ်းလုပ်ဆောင်ကြရန် တောင်းဆိုလိုပါကြောင်း၊ နိုင်ငံ၏ သွင်းကုန်ဝန်ထုပ်ဝန်ပိုးကိုလျှော့ချပြီး နိုင်ငံသားတိုင်းအတွက်ကုန်ကျစရိတ်ကိုတည်ငြိမ်အောင် ကူညီပေးကြောင်း၊ နိုင်ငံ တော်လုံခြုံရေးလိုအပ်ချက်များနှင့် လိုက်လျောညီထွေရှိစေရန် ဝန်ကြီးဌာနသည် နိုင်ငံတစ်ဝှန်းရှိ သိုလှောင်ရုံများ၏ ရုပ်ပိုင်းဆိုင်ရာ စစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီး Autta-pol Rerkpiboon က ဆက်လက် ပြောကြားခဲ့သည်။

**Source:** https://www.nationthailand.com/news/general/40063016

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာနက ဟော်မုဇ်ရေလက်ကြားအန္တရာယ်ကြောင့် အနောက်အာဖရိကနှင့် အမေရိကန်တို့မှ ရေနံစိမ်းတင်သွင်းမည့်အစီအစဉ်ကို ချိန်ညှိလျက်ရှိ

ထိုင်းနိုင်ငံ၊ စွမ်းအင်ဝန်ကြီးဌာနက ဟော်မုဇ်ရေလက်ကြားအန္တရာယ်ကြောင့် ဆုံးရှုံးနိုင်ခြေအန္တရာယ်ကို လျှော့ချရန် အနောက် အာဖရိကနှင့် အမေရိကန်တို့မှ ရေနံစိမ်းတင်သွင်းမည့် အစီအစဉ်သို့ ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

အဓိကအချက်မှာ ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းရမည့် ရေနံတင် သင်္ဘောများ၏လုံခြုံရေးအတွက် စိုးရိမ်စရာဖြစ်ကြောင်း၊ နိုင်ငံ၏ စွမ်းအင်ဖူလုံမှုကို ပိုမိုခိုင်မာစေရန်အတွက် အခြားသော ရင်းမြစ်အသစ်များမှ စက်သုံးဆီများကို ဧပြီနှောင်းပိုင်းတွင် လုံခြုံစွာပို့ဆောင်နိုင်မည်ဟုမျှော်မှန်းထားကြောင်း၊ အများပြည်သူအပေါ် သက်ရောက်မှုများကို လျှော့ချရန်အတွက် ပြည်တွင်းလက်လီရောင်းချသော စက်သုံးဆီဈေးနှုန်းများတည်ငြိမ်စေရန် လိုအပ်ပါကကုန်ကျစရိတ်များကိုလျော်ကြေးပေးရန် ဝန်ကြီးဌာနက ပြင်ဆင်နေကြောင်း သိရသည်။

မတ်လတွင် အရှေ့အလယ်ပိုင်းမှတင်သွင်းမည့် ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းရန်လိုအပ်သည့်ရေနံတင်သင်္ဘောများ၏လုံခြုံရေးအတွက် စိုးရိမ်မှုများကြောင့် ထောက်ပံ့ရေးပစ္စည်းများကို ဧပြီလနှောင်းပိုင်းတွင် လုံခြုံစွာတင်ပို့နိုင်မည်ဟု မျှော်လင့်

ထားသဖြင့် အနောက်အာဖရိကနှင့် အမေရိကန်သို့ ရေနံစိမ်းဝယ်ယူမှုများကို လွှဲပြောင်းရန်စီစဉ်ထားကြောင်း၊ အရှေ့အလယ်ပိုင်း အခြေအနေကို ခြေရာခံရန် အရေးပေါ်စွမ်းအင်စောင့်ကြည့်ရေးစင်တာကို ဖွင့်လှစ်ခေါ်ယူထားကြောင်း၊ ဟော်မုဇ်ရေလက်ကြား ကို "၁၀၀ ရာခိုင်နှုန်း ပိတ်ထားခြင်းမရှိသေးသော်လည်း ကမ္ဘာ့ရေနံဈေးမှာ တစ်စည်လျှင် ပျမ်းမျှ ၇၅ ဒေါ်လာမှ ၈၅ ဒေါ်လာ ဝန်းကျင်ရှိပြီး ၇ ရာခိုင်နှုန်းခန့်မြင့်တက်နေကြောင်း၊ ပြည်တွင်းလက်လီစက်သုံးဆီဈေးနှုန်းများ တည်ငြိမ်ရန်လိုအပ်ပါက လျော့ ကြေးပေးရန် စက်သုံးဆီရန်ပုံငွေကို အသုံးပြုနိုင်ကြောင်း၊ ၂၀၂၆ ခုနှစ် မတ်လ ၁ ရက်နေ့အထိ ရန်ပုံငွေ၏အနေအထား သည် ဘတ် ၂,၄၅၉ သန်းဖြင့် အပြုသဘောဆောင်ပါကြောင်း စွမ်းအင်ဝန်ကြီး Auttapol Rerkpiboon က ပြောကြားခဲ့သည်။

ပြည်တွင်းစွမ်းအင်လုံခြုံရေးအတွက် ရေနံတင်ပို့မှုရပ်ဆိုင်းရေး ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ လာအိုကို ကင်းလွတ်ခွင့် ပေးမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် လာအိုမှစွမ်းအင်ကို ဆက်လက်အားကိုးနေရသောကြောင့် ထိုင်းနိုင်ငံမှ ရေနံအချို့ကို ထောက်ပံ့ပေးနေဆဲဖြစ်ကြောင်း၊ သို့သော်လည်း တတိယနိုင်ငံသို့ ဆက်လက်တင်ပို့ခြင်းကို တားဆီးရန်ထိန်းချုပ်မှုများကို တင်းကျပ်မည်ဖြစ်ကြောင်း၊ရှိပြီးဖြစ်သော ဝယ်ယူရေးစာချုပ်များချုပ်ဆိုထားသည့် နိုင်ငံများအတွက် လိုအပ်သည်ထက် ကျော် လွန်၍ သိုလှောင်မှုမရှိစေရေး ဝန်ကြီးဌာနသည် ဆီလုပ်ငန်းရှင်များနှင့် ပူးပေါင်းစစ်ဆေးလျက်ရှိကြောင်း၊ LPG အတွက် လက်ရှိ တွင် ထိခိုက်မှုမရှိသေးကြောင်း၊ ဝန်ကြီးဌာနသည် ဧပြီလအတွက် ရေနံချက်စက်ရုံများနှင့် ရေနံဓာတုဗေဒအရင်းအမြစ်များမှ တစ်ဆင့် ထောက်ပံ့မှုကို စီမံခန့်ခွဲမည်ဖြစ်ပြီး Petronas (မလေးရှား)မှ အပိုတွဲများကိုဝယ်ယူမည်ဖြစ်ကြောင်း၊ ကာတာမှတင် သွင်းပြီး ဟော်မုဇ်ရေလက်ကြားကို ဖြတ်သန်းရမည့် LNG အတွက် ပေးပို့မှုဆက်လက်ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ ဝန်ကြီးဌာန သည် စစ်ဆေးနေကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

အမေရိကန်ကဲ့သို့သော အခြားသော ပေးသွင်းသူများထံမှ LNG များအတွက်လည်း ညှိနှိုင်းထားပြီး အကျိုးသက်ရောက်မှု များကို လျှော့ချရန်အတွက် ပြုပြင်ထိန်းသိမ်းမှုအစီအစဉ်များကို ရွှေ့ဆိုင်းရန် စဉ်းစားနေကြောင်း၊ LNG ဝယ်ယူသည့်နေရာ သည် စည်းကမ်းထိန်းသိမ်းရေးမှ သတ်မှတ်သည့် အဆင့်ထက်မြင့်မားနိုင်ပြီး ထိုင်းနိုင်ငံ၏ ဓာတ်ငွေ့ဈေးနှုန်းကို ထိခိုက်စေနိုင် သော်လည်း သိုလှောင်ပမာဏနှင့် ဈေးနှုန်းများအပေါ် ထိခိုက်မှုမဖြစ်စေရန် ဝန်ကြီးဌာနက အခြေအနေကို စီမံခန့်ခွဲမည်ဖြစ် ကြောင်း၊ လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်ပြီး အမြင့်ဆုံးဝယ်လိုအားမှာ ဧပြီလနှောင်းပိုင်းတွင် မဂ္ဂါဝပ် ၃၆၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားကြောင်း၊ EGAT သည် ရေအားလျှပ်စစ်ထုတ်လုပ်ခြင်း တိုးမြှင့်ခြင်းနှင့် ကျောက်မီးသွေးလောင်စာ ထွက်ရှိမှုမြှင့်တင် ပေးခြင်းကဲ့သို့သော ထိရောက်ပြီး လုံလောက်သော လောင်စာဆီများကို စီမံခန့်ခွဲမည်ဖြစ်ပြီး ဤကာလအတွင်း စီစဉ်ထားသော ဓာတ်အားပေးစက်ရုံများ ပြုပြင်ထိန်းသိမ်းခြင်းများကိုပိတ်သိမ်းမည်မဟုတ်ကြောင်း၊ လောင်စာဆီတင်သွင်းမှုလျှော့ချနိုင်ရေး အတွက်ဝန်ကြီးဌာနအနေဖြင့်ထုတ်လုပ်မှုအစီအစဉ်များကိုသင့်လျော်သလို ချိန်ညှိရန်နှင့် စွမ်းအင်အသုံးပြုမှုလျှော့ချရန် ပုဂ္ဂလိက ကဏ္ဍနှင့် စက်မှုလုပ်ငန်းတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်လည်း တောင်းဆိုထားကြောင်း Mr. Auttapol က ဆက်လက် ပြောကြားခဲ့သည်။

လက်ရှိဖြစ်ပွားနေသော အရှေ့အလယ်ပိုင်းမငြိမ်မသက်မှုများအတွင်း ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းရန် ဝန်ကြီးဌာန သည် ရေနံ၊ LPG၊ LNG နှင့် လျှပ်စစ်ဓာတ်အားအလုံအလောက်ရရှိရေး အစီအမံအားလုံးကို အကောင်အထည်ဖော်မည်ဖြစ် ကြောင်း၊ ဈေးနှုန်းများနှင့်ပတ်သက်၍ လိုအပ်ပါက စက်သုံးဆီရန်ပုံငွေကို အများပြည်သူထိခိုက်မှုလျော့ပါးစေရန် အသုံးပြုမည် ဖြစ်ကြောင်း၊ဝန်ကြီးဌာနအနေဖြင့် အခြေအနေကို အနီးကပ်စောင့်ကြည့်လျက်ရှိပြီး ပုဂ္ဂလိကကဏ္ဍအားစွမ်းအင်သုံးစွဲမှု လျှော့ချ ရန်၊ အစိုးရအေဂျင်စီများအား စွမ်းအင်သုံးစွဲမှုလျှော့ချရန်နှင့် အများသူငှာစွမ်းအင်ချွေတာရန်နှင့် ပုဂ္ဂလိကမော်တော်ယာဉ်များ အစား အများသူငှာသယ်ယူပို့ဆောင်ရေးကို အသုံးပြုခြင်းဖြင့်စွမ်းအင်တင်သွင်းမှုကို တတ်နိုင်သမျှလျှော့ချနိုင်ရေး တောင်းဆို ထားကြောင်း ဝန်ကြီး Auttapol က ပြောကြားခဲ့သည်။

**Source: https://www.nationthailand.com/news/general/40063016**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

# STOCK EXCHANGE (5.3.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 5th Mar. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,491 (Shares) | 67,203,400 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,500 | +300 | +3.26% | 9,200 | 9,500 | 9,200 | 1,395 | 13,113,500 | 33,109,694 | 314,542 |
| MTSH | 00002 | 5,400 | +400 | +8.00% | 5,100 | 5,400 | 5,100 | 2,484 | 13,160,800 | 38,929,150 | 210,217 |
| MCB | 00003 | 8,200 | -100 | -1.20% | 8,400 | 8,400 | 8,200 | 772 | 6,478,800 | 10,400,986 | 85,288 |
| FPB | 00004 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,300 | 7,008 | 23,768,300 | 29,664,613 | 100,860 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 284 | 866,200 | 12,823,224 | 39,111 |
| EFR | 00006 | 1,650 | -50 | -2.94% | 1,700 | 1,700 | 1,600 | 5,233 | 8,628,250 | 19,977,223 | 32,962 |
| AMATA | 00007 | 4,000 | +50 | +1.27% | 3,900 | 4,000 | 3,900 | 236 | 922,900 | 10,497,598 | 41,990 |
| MAEX | 00008 | 3,350 | +0 | +0.00% | 3,350 | 3,350 | 3,350 | 79 | 264,650 | 23,804,946 | 79,747 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 5th Mar. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 479.66 | +12.72 | +2.72% | 469.55 | 479.66 | 469.55 | 17,491 | 67,203,400 | 8 | 904,717 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 5th Mar. 2026

| Trading Volume | Trading Value |
|---|---|
| 24,548 (Shares) | 260,771,600 (MMK) |

## Main Board

As of 1:00 pm, 5th Mar. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,491 (Shares) | 67,203,400 (MMK) |

| MYANPIX | 479.66 ▲ 12.72 |
|---|---|
| Total Volume (shares) | 17,491 |
| Total Value (MMK) | 67 mil |
| Listed Company | 8 |
| Market Cap. (MMK) | 904,717 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,500 | ▲ 300 |
| MTSH | 00002 | 5,400 | ▲ 400 |
| MCB | 00003 | 8,200 | ▼ 100 |
| FPB | 00004 | 3,400 | ▲ 0 |
| TMH | 00005 | 3,050 | ▲ 0 |
| EFR | 00006 | 1,650 | ▼ 50 |
| AMATA | 00007 | 4,000 | ▲ 50 |
| MAEX | 00008 | 3,350 | ▲ 0 |